# သင်သည် ကန်ထရိုက်(ပဋိညာဉ်ခံ၊ ပုတ်ပြတ်) လုပ်သားလော၊ ကျပန်း လုပ်သားလော ?



သင့်ဘာသာစကား ကိုကျွန်ုပ်တို့ပြောသည်၊ ဖုန်း ☎ 131202 သို့ဆက်ပါ။

*Are you a contract or casual worker?* - **Burmese**

အကယ်၍သင်သည်၊ အောက်ဖေါ်ပြပါ ဝင်ငွေအကူ ထောက်ပံ့ကြေး တစ်ခုခုကို လျှောက်ထားလျှင်၊ ငွေမရမီ၊ သင်မှ စောင့်ဆိုင်းရသော ကာလတစ်ခု ရှိနိုင်သည်။

- Newstart Allowance ကနဦး ထောက်ပံ့ကြေး၊
- Youth Allowance လူငယ် ထောက်ပံ့ကြေး၊
- Austudy ပညာသင် ထောက်ပံ့ကြေး၊
- Sickness Allowance နာမကျန်းမှု ထောက်ပံ့ကြေး၊
- Carer Payment ပြုစုစောင့်ရှောက်သူ ပေးငွေ၊
- Special Benefit အထူးအခွင့်အရေး၊ (သတ်မှတ်ထားသော ပြည်ဝင်ခွင့်ဗီဇာ ကိုင်ဆောင်သူများသာ)၊
- Disability Support Pension မသန်မစွမ်းသူ အထောက်အပံ့ပင်စင်၊ (ရာသက်ပန် မျက်စိကွယ်နေသော ဖေါက်သည်များမှ အပ)၊
- Parenting Payment, မိဘများပေးငွေ သို့မဟုတ်၊
- Widow Allowance. မုဆိုးမ ထောက်ပံ့ကြေး၊

အကယ်၍သင်၊ သို့မဟုတ် သင်၏ပေါင်းဖက်သူတို့သည် ကန်ထရိုက်(ပဋိညာဉ်ခံ ပုတ်ပြတ်အလုပ်) သို့မဟုတ်၊ ကျပန်းအလုပ် တစ်ခုခုကို လွန်ခဲ့သော ၆ လအတွင်း လုပ်ခဲ့လျှင်၊ ပေးငွေ မရမီ သင်မှ စောင့်ဆိုင်းရသော ကာလတစ်ခု ရှိနိုင်သည်။ စောင့်ဆိုင်းရကာလမှာ၊ ရာသီအလိုက်လုပ်သော အလုပ်သမားများအတွက်၊ ၁၉၉၉ ခုနှစ်မှစ၍အကျုံးဝင်ခဲ့ပြီး၊ ကန်ထရိုက် အလုပ်သမားနှင့် ကျပန်းအလုပ်သမားများတို့အတွက်လည်း၊ ၂၀ ရက် စက်တင်ဘာလ ၂၀၀၆ ခုနှစ်မှ စတင်၍ အကျုံးဝင်လိမ့်မည်။

## ကန်ထရိုက် အလုပ်၊ သို့မဟုတ် ကျပန်း အလုပ် ဆိုသည်မှာ အဘယ်နည်း?

**ကန်ထရိုက် အလုပ်** ဆိုသည်မှာ တဆင့်ခံ ကန်ထရိုက်အလုပ် အပါအဝင်၊ မည်သည့် အလုပ်ကိုမဆို ပဋိညာဉ်သဘောတူညီချက်အရ၊ အထူးသတ်မှတ်ခံ အလုပ်တစ်ခုခု၊ သို့ မဟုတ် အထူးသတ်မှတ် ကာလတစ်ခုအတွင်း လုပ်ရသည့်အလုပ်၊ ယင်းအချက်တစ်ခုချင်းဖြစ်စေ၊ နှစ်ခုစလုံးဖြစ်စေ၊ အကျုံးဝင် ပတ်သက်၍ လုပ်ကိုင်ရသည့်အလုပ်ဖြစ်သည်။

**ကျပန်းအလုပ်၊** သို့ မဟုတ် (ကြိုးကြားပြတ်တောင်းအလုပ်)ဆိုသည်မှာ ရံဖန်ရံခါရနိုင်သည့်အလုပ်၊ အလုပ်ပြီးဆုံးခန်းရောက်ပြီ၊ သို့ မဟုတ် အချိန်ကာလ တစ်ခုအတွင်း ရနိုင်မည်မဟုတ်ဟု တော်သင့်စွာ ကြိုတင်ခန့်မှန်းနိုင်ပြီး၊ လုပ်ကိုင်ရသည့် အချိန်ကာလမှာလည်း တစ်နှစ်အောက်လျော့နည်း၍၊ ခွင့်ရက် ခံစားခွင့်ကို စုဆောင်း မရရှိနိုင်သော အလုပ်ဖြစ်သည်။

**ပါဝင်နိုင်သည့် ကန်ထရိုက် အလုပ်နှင့် ကျပန်း အလုပ်များမှာ၊**

- ခရစ်စမတ်ကာလ၊ သို့ မဟုတ် ပုံမှန် ပြုပြင်ထိန်းသိမ်းသည့်အနေဖြင့် ယာယီပိတ်လေ့ရှိသော စက်ရုံများတွင်လုပ်ရသည့် အလုပ်များကဲ့သို့ သော ပုံမှန် အလုပ်ပိတ်တတ်သည့်အလုပ်၊
- ပုံမှန်ရပ်ဆိုင်းပြီး ပုံမှန်အစပြုတတ်သည့် တူးဖေါ်ရေးနှင့် ရေနံလုပ်ငန်းအစရှိသည်တို့ ကဲ့သို့ သော မည်သည့်အလုပ်မဆို၊
- အမြဲလည်ပတ်လေ့ မရှိသည့်အလုပ်၊ သို့မဟုတ် အလုပ်လက်မဲ့ ကာလတစ်ခုကို ကြိုတင် ခန့်မှန်းနိုင်သည့်အလုပ်၊
- ယာယီ အစားထိုးအလုပ် — စာသင်ကြားပေးခြင်း၊ သို့မဟုတ် ကျန်းမာရေးလုပ်ငန်းတို့ကဲ့သို့သော ယာယီ အစားထိုးမှု၊
- အတိုင်ပင်ခံ၊ အကြံပေးသည့်အလုပ်၊
- တဆင့်ခံ ကန်ထရိုက်အပါအဝင်၊ ကန်ထရိုက် အလုပ်၊
- ကျန်းမာရေးနှင့် ဆေးပညာလုပ်သားများ၊ **နှင့်**
- အနုပညာနှင့် ဖျော်ဖြေရေးနယ်ပယ်များရှိ ကန်ထရိုက်အလုပ်၊

## စောင့်ဆိုင်းကာလ သင့်အတွက် အကျုံးဝင်သလော?

သင့်အတွက် စောင့်ဆိုင်းကာလသည် အကျုံးဝင်မည် **မဟုတ်မှာ**၊ အကယ်၍၊

- သင် လုပ်ခဲ့ရသည့်အလုပ်သည် တစ်နှစ်ထက်ကျော် တာခဲ့လျှင် **သို့မဟုတ်၊**
- သင် ကန်ထရိုက်အလုပ်၊ သို့မဟုတ် ကျပန်းအလုပ် လုပ်ခဲ့စဉ်က သင်သည် ခွင့်ရက်ခံစားခွင့် စုစောင်းရရှိခဲ့လျှင်။

သင့်အတွက် စောင့်ဆိုင်းကာလ အကျုံးဝင်လိမ့်မည်မှာ၊ အကယ်၍၊

- သင်လုပ်ခဲ့သည့် အလုပ်သည် ကန်ထရိုက်အလုပ်၊ သို့မဟုတ် ကျပန်းအလုပ် အသွင်ပုံစံဖြင့် ကိုက်ညီနေသည့်**အပြင်**၊
- ယင်းအလုပ်မှ သင်ရရှိခဲ့သည့် ဝင်ငွေသည်၊ Average Weekly Ordinary Time Earnings (AWOTE)* (ရက်သတ္တပတ် တစ်ပတ်အတွက် ပုံမှန် အလုပ်လုပ်ချိန် ပျမ်းမျှဝင်ငွေ)* ထက်ကျော်လွန်နေလျှင်၊

အကယ်၍၊ စောင့်ဆိုင်းကာလသည် သင့်အတွက်အကျုံးဝင်နေလျှင်၊ ငွေလက်ခံမရရှိမီ၊ မည်မျှကြာ စောင့်ဆိုင်းရမည်ကို၊ Centrelink (စင်တာလင့်)ရုံးမှ၊ တွက်ချက်ပေးပါလိမ့်မည်။

**စောင့်ဆိုင်းကာလတွင် ချွင်းချက်များအချို့ ရှိပါသည်၊ ဤချွင်းချက်များကို၊ သင့် တောင်းဆိုချက်၏ တွေ့ဆုံမေးမြန်းခန်းတွင်၊ ဆွေးနွေးပါလိမ့်မည်။**

* Average Weekly Ordinary Time Earnings (AWOTE) (တစ်ပတ်အတွက် ပုံမှန် အလုပ်လုပ်ချိန် ပျမ်းမျှဝင်ငွေ) ဆိုသည်မှာ၊ Australian Bureau of Statistics (ဩစတြေးလျားနိုင်ငံ စာရင်းဇယားများဆိုင်ရာ ဗျူရို)မှ၊ ဩစတြေးလျန်တို့ အပတ်စဉ်တစ်ခါ ပုံမှန် အလုပ်လုပ်၍ရသည့်ဝင်ငွေ၏ တိုင်းတာထားချက်ဖြစ်သည်။ ၂၀၀၆ ခုနှစ်အတွင်း၊ တင်ပြတောင်းဆိုသည့်လျှောက်လွှာများအတွက်၊ သက်ဆိုင်ရာ AWOTE ကိန်းဂဏန်းမှာ၊ တစ်ကိုယ်ရေတစ်ကာယ အတွက် တစ်ပတ်တွင ဒေါ်လာငွေ ၁၀၂၂.၆၀ ဖြစ်ပြီး၊ စုံတွဲ တစ်စုံအတွက် တစ်ပတ်တွင်၊ ဒေါ်လာငွေ ၂၀၄၅.၂၀ ဖြစ်သည်။ ဤကိန်းဂဏန်းကို နှစ်စဉ် ပြန်လည်တွက်ချက်အတည်ပြုသည်။ စောင့်ဆိုင်းကာလကို မည်သို့တွက်ချက်သည်အား၊ အောက်ပါ ဥပမာများဖြင့် ဖေါ်ပြထားပါသည်။

www.centrelink.gov.au

Australian Government

Centrelink
giving you options

## စောင့်ဆိုင်းကာလ မည်မျှ ကြာသနည်း?

သင်အဘယ်မျှ ဝင်ငွေရှာခဲ့သည်နှင့် မည်မျှကြာ အလုပ်လုပ်ခဲ့သည်တို့အပေါ်တွင် မူတည်ပါသည်။

အကယ်၍ သင်၏ဝင်ငွေသည် AWOTE ကိန်းဂဏန်း ထက်ကျော်လွန်နေလျှင်၊ ထောက်ပံ့ကြေးငွေ လက်ခံမရရှိမီ၊ အချိန်အတိုင်းအတာ တစ်တခုအထိ၊ စောင့်ဆိုင်းနိုင်ရကောင်းပါလိမ့်မည်။

စောင့်ဆိုင်းကာလကို မည်သို့တွက်ချက်သည်အား၊ အောက်ပါ ဥပမာများဖြင့် ဖေါ်ပြထားပါသည်။

### ဥပမာ ၁။

Rachel (ရေချယ်လ်)သည် ဟိုတယ်တခုတွင် ရှစ်ပတ်ကြာအလုပ်လုပ်ခဲ့သည်။ သူမ အလုပ်လက်မဲ့ ဖြစ်ပြီး Newstart Allowance (ကနဦးထောက်ပံ့ကြေး)ကိုလျှောက်ထားသည်။ ဤကာလ အတွင်း၌ သူမ၏ စုစုပေါင်းဝင်ငွေမှာ ဒေါ်လာ ၁၂၂၈၈ ဖြစ်သည်။

ရေချယ်လ် ၏စောင့်ဆိုင်းကာလကို အောက်ပါအတိုင်းတွက်ချက်သည်။

အဆင့် ၁၊ အလုပ်မှ စုစုပေါင်းဝင်ငွေကို AWOTE ($၁၀၂၂.၆၀)ဖြင့်စားသည်။
$၁၂၂၈၈ ÷ $၁၀၂၂.၆၀ = ၁၂.၀၁ အပတ်ပေါင်း။
(ဆိုလိုသည်မှာ ရေချယ်လ် သည် AWOTE ၁၂.၀၁ အပတ်ပေါင်းဖြင့် ညီမျှသောငွေကို ရရှိသည်။)

အဆင့် ၂၊ ၁၂.၀၁ အပတ်ပေါင်း၊ အနုတ် ရေချယ်လ် အလုပ်လုပ်ခဲ့သည့် ရှစ်ပတ် = ၄.၀၁ အပတ်ပေါင်း။

ဤအပတ်ပေါင်းကို အနီးစပ်ဆုံး ကိန်းပြည့်အဖြစ်ယူလျှင်၊ ရေချယ်လ် အတွက် အကျိုးရှိသည်မှာ၊ အပတ်ပေါင်း ၄ ပတ် ဖြစ်သည်။

ရေချယ်လ် အနေဖြင့်၊ Newstart Allowance (ကနဦးထောက်ပံ့ကြေးငွေ) မရမီ၊ အလုပ်ရပ်ဆိုင်းခဲ့သည့်နေ့မှ စတင်၍ လေးသတ္တပတ်ကြာ စောင့်ဆိုင်းရန် လိုအပ်လိမ့်မည်။

### ဥပမာ ၂။

ဒယ်ရင်၌ အိမ်ထောင်ရှိပြီး၊ အိမ်ရာဆောက်လုပ်ရေး အရပ်တစ်ခု၌၊ ၁၆ ပတ်ကြာ အလုပ်လုပ်ခဲ့သည်။ သူ့၌ အလုပ်မရှိတော့ပြီး၊ Newstart Allowance (ကနဦးထောက်ပံ့ကြေး)ကိုလျှောက်လေ၏။ ဤကာလအတွင်း သူ၏စုစုပေါင်းဝင်ငွေမှာ ဒေါ်လာ ၃၄၂၃၄ ဖြစ်သည်။ ဒယ်ရင်၏ အိမ်ထောင်ဖက် ဂျူလီ သည်၊ စာရင်းကိုင်အလုပ်ကို အချိန်ပိုင်းလုပ်ပါသည်။ ဒယ်ရင် အိမ်ရာဆောက်လုပ်ရေးတွင် လုပ်ခဲ့စဉ် ၁၆ ပတ်အတွင်း၌ သူမ၏ဝင်ငွေမှာ ဒေါ်လာ ၈၃၇၆ ဖြစ်သည်။ ဒယ်ရင့် အလုပ် ပြီးဆုံးသော အခါ၊ သူတို့စုံတွဲသည် Newstart Allowance (ကနဦးထောက်ပံ့ကြေး)ကို လျှောက်ကြသည်။

သူတို့၏ စောင့်ဆိုင်းကာလကို အောက်ပါအတိုင်း တွက်ချက်သည်။

အဆင့် ၁၊ ဒယ်ရင် နှင့် ဂျူလီတို့၏ ဝင်ငွေများကို ပေါင်းသည်။
$ ၃၄၂၃၄ + $ ၈၃၇၆ = $ ၄၃၆၁၀။

အဆင့် ၂၊ သူတို့ စုံတွဲ၏ ဝင်ငွေကို စုံတွဲ တတွဲ၏ AWOTE $၂၀၄၅.၂၀ ဖြင့် စားသည်။
$ ၄၃၆၁၀ ÷ $ ၂၀၄၅.၂၀ = ၂၁.၃၂ အပတ်ပေါင်း။

အဆင့် ၃၊ ၂၁.၃၂ အပတ်ပေါင်း၊ အနုတ် ဒယ်ရင် အလုပ်လုပ်ခဲ့သည့် ၁၆ ပတ် = ၅.၃၂ အပတ်ပေါင်း။

ဤပမာဏကို အနီးစပ်ဆုံး ကိန်းပြည့် အဖြစ်ယူလျှင်၊ အပတ်ပေါင်း ၅ ပတ်ဖြစ်သည်။

ဒယ်ရင်နှင့် ဂျူလီတို့ အနေဖြင့်၊ Newstart Allowance (ကနဦးထောက်ပံ့ကြေးငွေ) မရမီ၊ ဒယ်ရင် အလုပ်ရပ်ဆိုင်းခဲ့သည့်နေ့မှ စတင်၍ ငါးသတ္တပတ်ကြာ စောင့်ဆိုင်းရန်လိုအပ်လိမ့်မည်။

### ဥပမာ ၃။

ဘရိုင်ရင် သည်၊ တစ်ကိုယ်ရေတစ်ကာယဖြစ်ပြီး၊ ကြားဖြတ် အစားထိုးသူနာပြုအဖြစ်၊ ၂၆ ပတ်ကြာ အလုပ်လုပ်ခဲ့သည်။ လွန်ခဲ့သော ၆ ပတ်တွင် အလုပ်ရပ်ဆိုင်းခဲ့၍၊ အလုပ်ထပ်မံ မရှာမီ၊ အပန်းဖြေခရီးထွက်ရန် ဆုံးဖြတ်ခဲ့ပြီး၊ ယခုမှသာ Newstart Allowance (ကနဦးထောက်ပံ့ကြေး)ကိုလျှောက်ထားသည်။ ဤကာလအတွင်း သူ၏စုစုပေါင်းဝင်ငွေမှာ ဒေါ်လာ ၃၀၅၈၅ ဖြစ်သည်။

သူ၏ စောင့်ဆိုင်းကာလကို အောက်ပါအတိုင်း တွက်ချက်သည်။

အဆင့် ၁၊ အလုပ်မှ စုစုပေါင်းဝင်ငွေကို AWOTE (၁၀၂၂.၆၀) ဖြင့်စားသည်။
$၃၀၅၈၅ ÷ $၁၀၂၂.၆၀ = ၂၉.၉၀ အပတ်ပေါင်း။

အဆင့် ၂၊ ၂၉.၉၀ အပတ်ပေါင်း မှ ဘရိုင်ရင် အလုပ်လုပ်ခဲ့သည့် ၂၆ ပတ်ကိုနုတ် = ၃.၉၀ အပတ်ပေါင်း

ဤအပတ်ပေါင်းကို အနီးစပ်ဆုံး ကိန်းပြည့် အဖြစ်ယူလျှင်၊ အပတ်ပေါင်း ၃ ပတ် ဖြစ်သည်။

ဤ ၃ ပတ်သည် ဘရိုင်ရင် နောက်ဆုံးအလုပ်လုပ်ခဲ့သည့်နေ့မှ စတင်သည်။ ဘရိုင်ရင် အနေဖြင့် Newstart Allowance(ကနဦးထောက်ပံ့ကြေးငွေ) မရမီ၊ စောင့်ဆိုင်းရန် **မလိုအပ်ပါ**။ အဘယ်ကြောင့်ဆိုသော်၊ နောက်ဆုံး အလုပ်လုပ်ခဲ့သည့်နေ့မှ စတင်၍ ၆ ပတ် ကျော်လွန်ခဲ့ပြီး ဖြစ်သောကြောင့်ဖြစ်သည်။

## သင်၊ စင်တာလင့် သို့ အဘယ်ကို တင်ပြရန် လိုအပ်သနည်း?

သင်မှ ထောက်ပံ့ကြေး မလျှောက်ထားမီ၊ ၆ လ အတွင်း၊ သင်နှင့်သင်၏ပေါင်းဖက်သူတို့က၊ အကယ်၍ ကန်ထရိုက်အလုပ်၊ သို့မဟုတ် ကျပန်းအလုပ်ကို လုပ်ဆောင် ပြီးဆုံးခဲ့လျှင်၊ သင်မှ အောက်ပါကဲ့သို့သော အသေးစိတ်များကို ပုံစံတွင်ဖြည့်စွက်၍ စင်တာလင့်သို့ တင်ပြရမည်။

- မည်သည့် အလုပ်ပုံစံမျိုးကို သင်နှင့် သင်၏ပေါင်းဖက်သူတို့အတူ၊ သို့မဟုတ် တစ်ဦးချင်းသာ လုပ်ခဲ့ကြသည်နှင့် မည်သူ့အတွက်လုပ်ခဲ့ကြသည်၊
- သင်သည် မည်သည့် အချိန်ကအစပြုပြီး၊ မည်သည့် အချိန်အဆုံးသတ်ခဲ့သည်၊
- ထိုကာလအတွင်း၊ သင်၏ စုစုပေါင်း ဝင်ငွေ **နှင့်**၊
- Australian Taxation Office (ဩစတြေးလျား အခွန်စည်းကြပ်ရေးရုံး)မှ ခွင့်ပြုထားသည့်၊ သင် တောင်းဆိုနိုင်ကောင်းသော ဖြတ်တောက်ငွေများ၏ အသေးစိတ်။

သင့် အချက်အလက်များ၏ အထောက်အထားတို့ ကို၊  လစာငွေ စာရွက်များ၊ ကုန်ပစ္စည်း ငွေတောင်းခံလွှာစာအုပ်၊ နှစ်ချုပ်လစာ ငွေစာရင်းများ၊ အရှုံးအမြတ်စာရင်း၊ လုပ်ခပေး စာအုပ်၊ ဘဏ်စာရင်းရှင်းတမ်း၊ အလုပ်အချိန်မှတ်တမ်း၊ သို့မဟုတ် အလုပ်ရှင်ထံမှ ပေးစာ တို့ကဲ့သို့ သော စာရွက်စာတန်းများအရ တင်ပြရန်လည်း လိုအပ်သည်။

ဤပြောင်းလဲချက်များသည်၊ သင့်အပေါ် အကျိုးသက်ရောက်မှုရှိမည်ကို သင်မှ  မရေရာ လျှင်သော်၎င်း၊ သို့တည်းမဟုတ် ပိုမိုသိလိုလျှင်သော်၎င်း၊ စင်တာလင့်ကို ဆက်သွယ်ပါ။ သင်မှ စောင့်ဆိုင်းနေရသောကာလအတွင်း၊ ငွေကြေးအခက်အခဲ ကြုံတွေ့နေလျှင်သော်၎င်း၊ သို့မဟုတ် ရသုံးငွေ စီမံချုပ်ထိန်းရန် အကူအညီလိုအပ်နေလျှင်သော်၎င်း၊ စင်တာလင့် ဖြင့် ဆက်သွယ်ဆွေးနွေးပါ။

အကယ်၍ သင်သည် ထိုသက်ရောက်မှု ရှိနိုင်သော အလုပ်သမားများ၏ အလုပ်ရှင်တစ်ဦး ဖြစ်လျှင်၊ ၎င်းတို့ ၏အလုပ်အကိုင်များအကြောင်းကို၊ စင်တာလင့် သို့တင်ပြရန်၊ ဆင့်ဆိုခြင်း ခံရနိုင်သည်။ သင့်၌ မည်သည့်မေးခွန်းမျိုးများကိုမဆို မေးမြန်းရန်ရှိပါက ကျေးဇူးပြု၍၊ စင်တာလင့်၏ Business Hotline (စီပွားရေးလုပ်ငန်း အထူးဖုံးလိုင်း) **၁၃၁၁၅၈** သို့ ဆက်သွယ်ပါ။

## ငြင်းဆိုချက်။

ဤစာစောင်တွင်၊ ပါဝင်သောအကြောင်းအချက်များကို၊ ရရှိနိုင်သော ထောက်ပံ့ကြေး ပေးငွေများအတွက် လမ်းညွှန်းအဖြစ်သာ ရည်ရွယ်ခြင်းဖြစ်သည်။

**သင်၏တာဝန်ဝတ္တရားများမှာ အဘယ်နည်း ?**

- သင့်၌ ထောက်ပံ့ကြေးရရန် လျှောက်လိုသည့်ဆန္ဒရှိလျှင်၊ သင်၏ သီးသန့်အခြေအနေ အပေါ်မူတည်ပြီး၊ ဆုံးဖြတ်ရန်နှင့် လျှောက်လွှာတင်ရန်တို့ မှာ သင်၏တာဝန်ဖြစ်သည်။
- သတင်းအကြောင်းအခြင်းအရာများမှာ၊ စက်တင်ဘာလ ၂၀၀၆ အထိ၊ အတည် ဖြစ်သော်လည်း ပြောင်းလဲနိုင်သည်။

**ခံစားခွင့်များကို မည်သည့်နေ့မှစတင် ပေးသနည်း ?**

အစိုးရထောက်ပံ့ကြေးများ အများစုနီးပါးကို၊ လျှောက်လွှာ တင်သောနေ့၊ သို့မဟုတ်၊ နောက်တနေ့ မှစတင်၍ပေးပါသည်။ ထို့ကြောင့် လျှောက်လွှာ အမြန်တင်လေ၊ ငွေအမြန် ရနိုင်လေဖြစ်သည်။

**အကယ်၍သင်သည် ကြားလူ တစ်ဦးဦးဖြင့် ဆက်ဆံဆောင်ရွက်လျှင်၊ အနေအထား မည်သို့ရှိမည်နည်း ?**

သင့်အနေဖြင့်၊ စင်တာလင့် ဝန်ထမ်းမဟုတ်သော၊ ကြားလူ တစ်ဦးဦးဖြင့် ဆက်ဆံ ဆောင်ရွက်နိုင်ကောင်းသည်။ အကယ်၍ဆောင်ရွက်လျှင်၊ ကျေးဇူးပြု၍ သတိပြုရန်မှာ၊ စင်တာလင့်သည်၊ သင့်အား ပေးငွေများဖြင့် ပတ်သက်၍ သတင်းပေးရန်သော်၎င်း၊ အကြံပေးရန် သော်၎င်း၊ မည်သည့်ကြားလူ တစ်ဦးဦးကိုမျှ ခွင့်လွှဲအပ်မည်မဟုတ်ပါ။

စင်တာလင့် ကို အင်္ဂလိပ်စကားမှ လွဲဖယ်၍ အခြားဘာသာစကားဖြင့် ပြောလိုလျှင် ဖုန်း **131202*** သို့ဆက်သွယ်ပါ။

သတင်းအချက်များကို သင်၏ဘာသာစကားဖြင့်  **www.centrelink.gov.au** ကွန်ယက်၌လည်း တွေ့ရှိနိုင်ပါသည်။

* ‘‘၁၃’’ နံပါတ်သို့ ဖုန်းခေါ်ခြင်းများကို၊ ဩစတြေးလျအတွင်း၊ မည်သည့်နေရာမှမဆို၊ သာမန်ဖုန်းလိုင်းဖြင့် ဆက်သွယ်နိုင်ပြီး၊ မြို့တွင်းဖုန်းခေါ်ခ ထက်ပို မကျသင့်နိုင်ပါ။ (ဖုန်းခေါ်ခများသည် တယ်လီဖုန်းကုမ္ပဏီ အပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။) ‘‘၁၈၀၀’’ နံပါတ် သို့ ဖုန်းခေါ်ခများမှာ အခမဲ့ဖြစ်သည်။ အများသုံးဖုန်းနှင့် လက်ကိုင်ဖုန်းများမှ ခေါ်သော် ဖုန်းခေါ်ခများ ပိုမိုကြီးမားနိုင်သည်။